MISY | Mandalay

Myanmar International School Yangon (Mandalay Campus)

# Myanmar International School Yangon
## (Mandalay Campus)

# ကျန်းမာရေးနှင့် လုံခြုံရေး မူဝါဒ

| | | |
|---|---|---|
| **Approved by:** | Nu Nu Aye (BOD) | **Date:** December 2022 |
| **Last reviewed on:** | October 2025 | |
| **Next review due by:** | October 2027 | |

WIDA International School Consortium MEMBER SCHOOL

CAMBRIDGE International Education

Cambridge International School

မူဝါဒ ကြေငြာချက်....2
အခန်းကဏ္ဍများနှင့် တာဝန်များ။....2
မတော်တဆမှုများနှင့် ဖြစ်ရပ် အစီရင်ခံခြင်း။....5
ဆေးဝါးစီမံခန့်ခွဲမှု....5
ကျန်းမာရေးအတွက် အန္တရာယ်ရှိစေသော ပစ္စည်းများကို ထိန်းသိမ်းခြင်း။ (COSHH)....5
Display Screen နှင့်ပတ်သက်သော စက်ပစ္စည်းများ....6
ပညာရေးဆိုင်ရာလေ့လာရေးခရီး....6
လျှပ်စစ်ပစ္စည်းများ....6
မီးဘေးလုံခြုံရေးနှင့် အဆောက်အဦးဘေးကင်းရေး....7
ရှေးဦးသူနာပြုခြင်းဆိုင်ရာထောက်ပံ့မှုများ....7
ဓာတ်ငွေ့သုံးပစ္စည်းများ....8
ရောဂါကူးစက်မှုကို ကာကွယ်ထိန်းချုပ်ခြင်း....8
ပစ္စည်းများကို လက်ဖြင့် ကိုင်တွယ်သယ်ယူခြင်း။....9
ကိုယ်ဝန်ဆောင်မိခင်လောင်းများ....9
လုပ်ငန်းခွင်အတွင်း စိတ်ဖိစီးခြင်း....10
ကစားကွင်းရှိ ပစ္စည်းကိရိယာများ....10
ခြေချော်ခြင်း၊ ခလုတ်တိုက်ခြင်းနှင့် ပြုတ်ကျခြင်း....10
ဆေးလိပ်သောက်ခြင်း....10
ကျောင်းသားများအား ကြီးကြပ်မှု....10
လေ့ကျင့်မှုသင်တန်း....11
လုပ်ငန်းခွင်အတွင်း အကြမ်းဖက်ခြင်း....11
အမြင့်တွင် အလုပ်လုပ်ခြင်း....11

## မူဝါဒ ကြေငြာချက်

ဤမူဝါဒသည် ကျောင်းရှိ ဝန်ထမ်းများ၊ ကျောင်းသားများ၊ ဧည့်သည်များနှင့် ပရိဝုဏ်အတွင်း အခြားအသုံးပြုသူများ အားလုံးအပေါ်တွင် အကျုံးဝင်ပါသည်။ ဒါရိုက်တာအဖွဲ့နှင့် ကျောင်းအုပ်ကြီးတို့က သူတို့တာဝန်များကို မည်သို့ ထမ်းဆောင်ကြသည်ကို ပြသရန် ရည်ရွယ်ပါသည်။ အကြီးတန်းခေါင်းဆောင်မှုအဖွဲ့နှင့် ဒါရိုက်တာဘုတ်အဖွဲ့သည် ကျောင်းတွင်ပါဝင်သူတိုင်း၏ ကျန်းမာရေးနှင့် ဘေးကင်းမှုကို သေချာစေရန် ကတိပြုထားပြီး ရည်ရွယ်ချက်မှာ-

- ပရိဝုဏ်အတွင်း အသုံးပြုသူများနှင့် ကျောင်းခရီးစဉ်များတွင် ပါဝင်သူများ၏ ကျန်းမာရေး၊ ဘေးကင်းလုံခြုံမှုနှင့် ကောင်းကျိုးသုခကို အတွက် လိုအပ်သော ဆောင်ရွက်ချက်များ ဆောင်ရွက်ရန်။
- ကျောင်း၏ ဝန်ထမ်းများ၊ ကျောင်းသားများနှင့် ဧည့်သည်များအတွက် ဘေးကင်းလုံခြုံစေမည့် လုပ်ငန်းခွင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ချမှတ်ကာ ထိန်းသိမ်းရန်၊
- ကျောင်းတွင် အသုံးပြုနေသော အဆောက်အဦးများနှင့် ပစ္စည်းကိရိယာများကို အန္တရာယ်ကင်းစွာ ထားရှိထိန်းသိမ်းရန်၊
- ဝန်ထမ်းများ၊ ကျောင်းသားများနှင့် အခြားသောဝန်ထမ်းများအတွက် လိုအပ်လျှင် သင့်လျော်သည့် ဘေးကင်းမှုဆိုင်ရာအသိပညာများကို လေ့ကျင့်သင်ကြားပေးရန်၊
- မီးဘေးအန္တရာယ်နှင့် အခြားအရေးပေါ်အခြေအနေများတွင် အသုံးပြုရန်အတွက် ထိရောက်သော လုပ်ထုံးလုပ်နည်းများကို ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ရန်၊
- မတော်တဆမှုများကို စုံစမ်းစစ်ဆေးပြီး ထပ်မံမဖြစ်ပွားစေရန် အရေးယူခြင်း။

## အခန်းကဏ္ဍများနှင့် တာဝန်များ။

**ကျောင်း၏ ဒါရိုက်တာဘုတ်အဖွဲ့ဝင်** များသည် ကျောင်းဝန်းတစ်ခုလုံးကို ထိန်းချုပ်နိုင်ခွင့် အပြည့်အဝရှိသည်။ ၎င်းတို့မှာ -

- ကျောင်း၏မူဝါဒများ ကို ဆုံးဖြတ်၊ ချမှတ်နိုင်ခြင်း၊
- ကျောင်း၏အရေးကြီးသော လမ်းညွှန်ချက်ဗျူဟာများကို ချမှတ်ပေးခြင်း၊
- ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို စောင့်ကြည့်စစ်ဆေးခြင်း၊
- ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာ ပစ္စည်းများ လုံလောက်စွာ ထောက်ပံ့နိုင်ခြင်း၊
- ကျောင်း၏ အဆောက်အဦ၊ စက်ကိရိယာများနှင့် အလုပ်စနစ်များ လုံခြုံမှုရှိစေရန် လုပ်ဆောင်ခြင်း၊
- ကျောင်းတွင်ရှိသော လူတိုင်းဘေးကင်းစေရန်အတွက် ကျောင်းသည် ၎င်းတို့အား လုံလောက်သော လုံခြုံရေးဆိုင်ရာ လေ့ကျင့်မှု၊ သင်ကြားပို့ချမှု၊ လမ်းညွှန်မှုနှင့် ကြီးကြပ်မှုတို့ကို စီစဉ်ပေးခြင်း၊
- ကျောင်းရှိ အဆောက်အဦးများကို ဘေးကင်းလုံခြုံစွာ ထိန်းသိမ်းနိုင်ခြင်း၊
- လုံခြုံပြီး ကျန်းမာသော လုပ်ငန်းခွင်တစ်ခုအဖြစ် ထိန်းသိမ်းထားရှိခြင်း၊
- ဝန်ထမ်းများနှင့် ကျောင်းသားများအတွက် လုံလောက်သော လူမှုဖူလုံရေးဆိုင်ရာ အထောက်အပံ့များ ပေးရန်၊
- ဤမူဝါဒကို ထိရောက်စွာ ပြန်လည်ဆန်းစစ်သုံးသပ်ခြင်း တို့ဖြစ်သည်။

**ကျောင်းအုပ်ကြီးသည်** ကျောင်းနေ့စဉ်လည်ပတ်နေရေးအတွက် တာဝန်ရှိသည်။ ကျောင်းအုပ်ကြီးသည် -

- ကျောင်းတွင် အကျိုးရှိသော၊ ပွင့်လင်းသည့် ကျန်းမာရေးနှင့်လုံခြုံရေးယဉ်ကျေးမှုတစ်ခုကို မြှင့်တင်ရန်၊
- ဒါရိုက်တာဘုတ်အဖွဲ့ ထံ ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို အစီရင်ခံရန်၊
- လိုအပ်လျှင် အခြားအဖွဲ့အစည်းများ သို့မဟုတ် ကျွမ်းကျင်သူများထံမှ အကြံဉာဏ်များကို ရယူရန်၊
- ကျောင်းရှိ ဝန်ထမ်းများအားလုံးသည် မူဝါဒများကို လိုက်နာလုပ်ဆောင်ကြောင်း သေချာစေရန်၊
- ဘေးလွတ်ရာသို့ရွှေ့ပြောင်းခြင်းနှင့် မီးဘေးကာကွယ်ရေးကြိုတင်ပြင်ဆင်လေ့ကျင့်မှုများ အပါအဝင် ဘေးကင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများရေးဆွဲကာ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊
- ဘေးအန္တရာယ်ဆိုင်ရာ အကဲဖြတ်မှုများကို နှစ်စဉ်နှစ်တိုင်း ပြန်လည်ဆန်းစစ်သုံးသပ်ရန်၊
- ဝန်ထမ်းများအား ၎င်းတို့နှင့် ဆီလျော်သော သင်တန်းများတက်ရောက်စေရန်၊
- အဆောက်အဦး၊ မြေပြင်ဆိုင်ရာ ပြဿနာများကို အချိန်နှင့်တပြေးညီ ဖြေရှင်းနိုင်ရန် Business Manager နှင့် ပုံမှန် တွေ့ဆုံရန်၊
- ကျောင်းပတ်ဝန်းကျင်နှင့် အဆောက်အဦးများ၏ သန့်ရှင်းရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ပုံမှန်စစ်ဆေးမှုကို Business Manager နှင့် အခြားသက်ဆိုင်သောဝန်ထမ်းများမှ လုပ်ဆောင်မှု သေချာစေရန် ဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။

**အကြီးတန်းဦးဆောင်သူအဖွဲ့** သည် ကျောင်းအုပ်ကြီး အား ပံ့ပိုးကူညီပေးရမည်။ ၎င်းတို့သည် -

- ဘေးအန္တရာယ်ဆိုင်ရာစစ်ဆေးချက်သည် တိကျမှန်ကန်ကာ သင့်လျော်ပြီး နှစ်စဉ်နှစ်တိုင်းပြန်လည် ဆန်းစစ်ကြောင်း မှန်ကန်စေရန်၊
- အန္တရာယ်ရှိသော လေ့ကျင့်မှုများ၊ ပစ္စည်းကိရိယာများနှင့် အဆောက်အဦးဆိုင်ရာ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းပြီး မဖြေရှင်းနိုင်ပါက ကျောင်းအုပ်ကို အစီရင်ခံတင်ပြပါ။
- ဝန်ထမ်းများအတွက် ကျန်းမာရေးနှင့် ဘေးကင်းရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပြယုဒ်၊ လမ်းညွှန်သူနှင့် ပံ့ပိုးသူအဖြစ် ကူညီထောက်ပံ့ရန်၊
- ဝန်ထမ်းများအားလုံးအတွက် ကျန်းမာရေးနှင့် ဘေးကင်းရေးဆိုင်ရာ လမ်းညွှန်ချက်တစ်ခုကို လုပ်ဆောင်ပြီး ထိုမှတ်တမ်းများကို သိမ်းဆည်းရန်၊
- ကျောင်း၏ ကျန်းမာရေးနှင့် ဘေးကင်းရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်သည့် တိုးတက်မှုအသစ်များကို ပြည့်စုံစွာ မှတ်တမ်းတင်ရန်။
- မတော်တဆမှုများအတွက် စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး ဖြစ်ပွားလာနိုင်သည့် မည်သည့်အရပ်ဘက် သို့မဟုတ် ရာဇဝတ်မှုများအတွက်မဆို အစီရင်ခံစာ/ထုတ်ပြန်ချက်များ ထုတ်ပြန်ရန်၊
- ဆိုက်ရှိ ကန်ထရိုက်တာတိုင်းသည် ကျန်းမာရေးနှင့် ဘေးကင်းရေးဆိုင်ရာ ကိစ္စရပ်များတွင် အရည်အချင်းပြည့်မီကြောင်း စစ်ဆေးရန်၊
- ကျောင်းပတ်ဝန်းကျင်နှင့် အဆောက်အဦးများ၏ ကျန်းမာရေးနှင့် လုံခြုံရေး စစ်ဆေးမှုများတွင် ပုံမှန်ပါဝင်ရန်၊
- ကျောင်းသို့လာရောက်လည်ပတ်သည့် အဖွဲ့များနှင့် ဧည့်သည်များအား အရေးပေါ်ရွှေ့ပြောင်းရေး

ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်သည့် အချက်အလက်များအား မျှဝေခြင်းများဆောင်ရွက်ရန်။

**Business Manager** သည် နေ့စဉ်ပြုလုပ်ရသော ထိန်းသိမ်းမှုနှင့် အခြားသော အဆောက်အဦး/မြေပြင်ဆိုင်ရာ ကိစ္စများနှင့် ပတ်သက်၍ ကြည့်ရှုရန် တာဝန်ရှိပါသည်။ ၎င်းသည် -

- ကျန်းမာရေးနှင့် ဘေးကင်းရေးဆိုင်ရာကိစ္စနှင့်ပတ်သက်သော မည်သည့်အလုပ်ကိုမဆို ဦးစားပေးလုပ်ဆောင်ကြောင်း သေချာစေရန်၊
- ကျောင်းတွင် ဖြေရှင်းရန်လိုအပ်သော ဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များရှိပါက Business Manager ကို ချက်ချင်းအစီရင်ခံရန်၊
- ၎င်းတို့၏ထိန်းချုပ်မှုအောက်တွင်ရှိသော အလုပ်အားလုံးကို လုံခြုံသောနည်းလမ်းဖြင့် လုပ်ဆောင်ကြောင်း သေချာစေရန်၊
- ကျောင်းဝန်းနှင့် အဆောက်အဦးများတွင် ပြုပြင်ရန်လိုအပ်နေသောအရာများနှင့် အခြားဘေးအန္တရာယ်များ(ကစားကွင်းကဲ့သို့သောနေရာတွင် မှန်ကွဲစများ )စသည်တို့ကို သိရှိနိုင်ရန် နေ့စဉ်စစ်ဆေးခြင်းကို လုပ်ဆောင်ရန်၊
- သန့်ရှင်းရေးဝန်ထမ်းအားလုံးသည် ဘေးကင်းစေသည့် လုပ်ငန်းဆိုင်ရာအလေ့အကျင့်များကို သိရှိနားလည်ကြောင်း သေချာပါစေရန်၊ အထူးသဖြင့် ဘေးအန္တရာယ်ဆိုင်ရာကိစ္စရပ်များအား အစီရင်ခံခြင်း၊ အန္တရာယ်ရှိသော အရာဝတ္တုများအား အသုံးပြုခြင်းနှင့် လက်ဖြင့်ကိုင်တွယ်ခြင်း၊
- မီးသတိပေးသည့် အသံအား အပတ်စဉ်စစ်ဆေးရန်၊
- အကြီးတန်းဦးဆောင်သူအဖွဲ့ မှ အဖွဲ့ဝင်များနှင့် ကျောင်း၏အဆောက်အဦး အခြေအနေနှင့် လုံခြုံရေးဆိုင်ရာ စစ်ဆေးခြင်းကို ပုံမှန်လုပ်ဆောင်ရန်၊
- ကန်ထရိုက်တာများအား ၎င်းတို့နှင့်သက်ဆိုင်သော ဘေးအန္တရာယ်ဆိုင်ရာ အကဲဖြတ်ချက်များကို ပြသကာ ၎င်းတို့အလုပ်လုပ်မည့်နေရာများတွင် မခိုင်ခံ့သောခေါင်မိုးများနှင့် အခြားဘေးအန္တရာယ်များရှိကြောင်းကို သတိပြုမိစေဖို့ သေချာစေရန်၊
- ကြီးမားသော အဆောက်အဦး လေ့လာစစ်ဆေးခြင်း စီမံကိန်းများလုပ်ဆောင်ရာတွင် ကျန်းမာရေးနှင့်ဘေးကင်းရေး ဆိုင်ရာ အစီအစဉ်များကို အပြည့်အဝပူးပေါင်းဆောင်ရွက်စေရန်၊
- ကျောင်းဝင်းအတွင်း ရပ်ထားသောကားများသည် အရေးပေါ်ထွက်ပေါက်များအား ပိတ်ဆို့ထားခြင်းမပြုလုပ်ရန် သို့မဟုတ် အရေးပေါ်ယာဉ်များအချိန်မရွေးဝင်ရောက်ခြင်းကို တားဆီးမှုများမပြုလုပ်နိုင်ကြောင်း သေချာစေရန်၊

ကျောင်းရှိ ဝန်ထမ်းအားလုံးသည် -

- ကျန်းမာရေးနှင့် ဘေးကင်းရေးဆိုင်ရာ မူဝါဒ ကို ဖတ်ရန်၊
- ကျောင်း၏ ကျန်းမာရေးနှင့် ဘေးကင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လိုက်နာရန်၊
- အရေးပေါ်ရွှေ့ပြောင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ပြီး ၎င်းတို့ကို အကောင်အထည်ဖော်ရာတွင် ယုံကြည်မှုရှိရန်၊
- စာသင်ခန်း/ကစားကွင်း/ရုံးခန်းကို အတော်အသင့်သပ်ရပ်ပြီး လုံခြုံသောအနေအထားတွင် ထားပါ။
- စက်ပစ္စည်းများကိုအသုံးပြုသည့်အခါ ဘေးကင်းရေးဆိုင်ရာ ညွှန်ကြားချက်များကို လိုက်နာပါ။
- ကျောင်းသားများကို ကြီးကြပ်ကာ စက်ပစ္စည်းများကိုအန္တရာယ်ကင်းစွာ အသုံးပြုနည်းကို

အသိပေးပြောကြားရန်၊

- အန္တရာယ်ဖြစ်စေနိုင်သော လေ့ကျင့်မှုများ၊ ပစ္စည်းကိရိယာ သို့မဟုတ် အခြေအနေများကို တွေ့ရှိပါက ၎င်းတို့နှင့်သက်ဆိုင်ရာ လိုင်းမန်နေဂျာ သို့မဟုတ် သင့်လျော်သော ဝန်ထမ်းတစ်ဦးဦးအား သတင်းပို့ရန်၊
- မတော်တဆမှုနှင့် ဖြစ်ရပ်၏အစီရင်ခံခြင်းနှင့်ဆိုင်သော လုပ်ထုံးလုပ်နည်းများကို လိုက်နာပါ။(၎င်းသည် သီခြားစာတမ်းဖြစ်ပါသည်။)
- ကျောင်း၏ ဘေးအန္တရာယ်ဆိုင်ရာ အကဲဖြတ်မှုတွင် လိုအပ်ချက်များကို ဖြည့်ဆည်းကာ ထောက်ပြရန်၊
- ကျောင်းသားများအတွက် ဘေးကင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော အမူအကျင့်များ စံနမူနာထား လုပ်ဆောင်ပေးရန် တာဝန်ရှိပါသည်။

ကျောင်း၏ စည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျောင်းသားသည် -

- ၎င်းတို့နှင့် အခြားသူများ၏ ကျန်းမာရေးနှင့် ဘေးကင်းရေးကို လုံခြုံစွာကာကွယ်ရန်အတွက် ဘေးကင်းရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ စည်းမျဉ်းများကို လိုက်နာခြင်း၊
- သင်ကြားရေးနှင့် အကူဝန်ထမ်း၏ ဘေးကင်းရေးဆိုင်ရာ ညွှန်ကြားချက်များကို အထူးသဖြင့် အရေးပေါ်အခြေအနေတွင် လိုက်နာဆောင်ရွက်ခြင်း၊
- ကျန်းမာရေးနှင့် ဘေးကင်းရေးဆိုင်ရာ အဖြစ်အပျက်များကို ဝန်ထမ်းတစ်ဦးဦးကို သတင်းပို့ခြင်းများ ဆောင်ရွက်ရပါမည်။

**မတော်တဆမှုများနှင့် ဖြစ်ရပ် အစီရင်ခံခြင်း။**

ဝန်ထမ်းအားလုံးသည် မတော်တဆမှုများနှင့် ဖြစ်ရပ် အစီရင်ခံခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို လိုက်နာဆောင်ရွက်ပြီး သင့်လျော်စွာ မှတ်တမ်းတင်ထားသည်။

**ဆေးဝါးစီမံခန့်ခွဲမှု**

ဆေးဝါးများကို မိဘ၏ခွင့်ပြုချက်ရရှိမှသာ ကျောင်းသားများအား ပေးပါသည်။
ဆေးဝါးများကို ကျန်းမာရေးစောင့်ရှောက်မှု မန်နေဂျာ/ကျောင်း၏သူနာပြုမှ စီမံပေးကာ မှတ်တမ်းများအား သိမ်းဆည်းပါသည်။
ဆေးဝါးများကို ကျောင်းချိန်အတွင်းတွင်သာ ကလေး၏ဆရာဝန် သို့မဟုတ် သက်ဆိုင်ရာဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်မှ သောက်သုံးရန် ညွှန်ကြားချက်ပေးမှသာ စီမံပေးဆောင်ပါသည်။
ဆေးများကို ကျောင်း၏သူနာပြုရုံးခန်းရှိ သော့ခတ်ထားသောဗီရိုထဲတွင် သိမ်းဆည်းထားသည်။ ၎င်းအတွက် ခြွင်းချက်မှာ ပန်းနာရင်ကျပ်ဆေး၊ "epipens"(မိဘများနှင့်ဆွေးနွေးပြီးမှသာ) နှင့် အခြားသော အပူချိန်ထိန်းချုပ်ရန်လိုအပ်သောဆေးများ ဖြစ်သည်။ ၎င်းတို့ကို ကျောင်းသားများ လက်လှမ်းမမှီသော အခြားနေရာများတွင် သင့်လျော်သလို သိမ်းဆည်းထားမည်ဖြစ်သည်။
ကျောင်းချိန်အတွင်းတွင် ကျောင်းသားများအား ဆေးဝါးပမာဏကို တတ်နိုင်သမျှ အနည်းဆုံးသာ ပေးမည်ဖြစ်ပါသည်။ ဥပမာ- တစ်နေ့လျှင် လေးကြိမ်လိုအပ်သော ပဋိဇီဝဆေးသည် (နေ့လည်စာစားချိန်)

တစ်ကြိမ်သာ ပုံမှန်အားဖြင့် ကျောင်းတွင် စီမံရန်လိုအပ်ပါသည်။

## ကျန်းမာရေးအတွက် အန္တရာယ်ရှိစေသော ပစ္စည်းများကို ထိန်းသိမ်းခြင်း။ (COSHH)

အန္တရာယ်ရှိသော ပစ္စည်းများအသုံးပြုမှုကို တတ်နိုင်သမျှ အနည်းဆုံးဖြစ်အောင် ထိန်းသိမ်းထားမည်ဖြစ်သည်။ အန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းများတွင် ဓာတုပစ္စည်းများ၊ ဓာတုပစ္စည်းများပါဝင်သော ထုတ်ကုန်များ၊ အခိုးအငွေ့များ၊ ဖုန်မှုန့်များ၊ ရေငွေ့များနှင့် ဓာတ်ငွေ့များ ပါဝင်သည်။

လုပ်ငန်းဆောင်ရွက်ရေးအမှုဆောင်သည် ဓာတုပစ္စည်းများအားလုံးအတွက် ကျန်းမာရေးအန္တရာယ်ရှိသော ပစ္စည်းများ ထိန်းချုပ်ခြင်း( COSHH) စစ်ဆေးမှုမှတ်တမ်းကို ဖြည့်စွက်ရေးသားထားပြီး၊ထိုအန္တရာယ်ရှိသော ပစ္စည်းများနှင့် အလုပ်လုပ်နေသော ဝန်ထမ်းများအားလုံး ထံသို့ ဖြန့်ဝေပါမည်။ လိုအပ်ပါက ကာကွယ်ရေးဆိုင်ရာ ပစ္စည်းကိရိယာများကို လိုအပ်သည့်နေရာတွင် ထောက်ပံ့ပေးမည်ဖြစ်သည်။

ဆက်စပ်လုပ်ထုံးလုပ်နည်းများနှင့် ထိန်းချုပ်မှုအစီအမံများကို ငွေကြေးထောက်ပံ့ပြီး ကျင့်သုံးမည်ဖြစ်သည်။

ဝန်ထမ်းများသည် အန္တရာယ်ရှိသည့်ထုတ်ကုန်များကို ထုတ်ကုန်အမှတ်တံဆိပ်တွင်ပါရှိသည့် ညွှန်ကြားချက်များနှင့်အညီ အသုံးပြုကာ သိမ်းဆည်းမည်ဖြစ်သည်။ ထိုအန္တရာယ်ရှိသောထုတ်ကုန်များကို ၎င်းတို့၏မူရင်းပုလင်းများတွင် သိမ်းထားကာ ထုတ်ကုန်ဆိုင်ရာအချက်အလက်များကို နားလည်လွယ်စေရန် မြန်မာနှင့် အင်္ဂလိပ်ဘာသာ နှစ်မျိုးလုံးဖြင့် တံဆိပ်ကပ်ကာရေးထားမည်ဖြစ်သည်။

ကျောင်းသို့လာရောက်ပို့ဆောင်မှု အားလုံးကို ဌာနများသို့ မပို့မီ၊ သို့မဟုတ် ဝန်ထမ်းအဖွဲ့ဝင်များထံသို့ မပေးပို့မီ အန္တာရာယ် ဖြစ်စေနိုင်သော အရာဝတ္ထုများပါဝင်ခြင်း ရှိ/မရှိ စစ်ဆေးသွားပါမည်။

အန္တရာယ်ရှိသော မည်သည့်ထုတ်ကုန်မှန်သမျှကို သတ်မှတ်ထားသော စွန့်ပစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ စွန့်ပစ်မည်ဖြစ်သည်။ အရေးပေါ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ( ယိုဖိတ်မှုများနှင့်ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများအပါအဝင်) ကို အန္တရာယ်များသော ထုတ်ကုန်များသိမ်းဆည်းသည့်နေရာနှင့် ၎င်းတို့ကို ပုံမှန်အသုံးပြုသည့်နေရာများတွင် ပြသထားမည်ဖြစ်သည်။

## Display Screen နှင့်ပတ်သက်သော စက်ပစ္စည်းများ

ကွန်ပျူတာများကိုအရေးပါသောအစိတ်အပိုင်းအဖြစ်နေ့စဉ်အသုံးပြုရသော ဝန်ထမ်းများအတွက် display screenနှင့်ပတ်သက်သော ပစ္စည်း များဆိုင်ရာ အကဲဖြတ်မှုနှင့် ဘေးကင်းရေးဆိုင်ရာပြင်ဆင်ချိန်ညှိမှုများကို နှစ်စဉ်လုပ်ဆောင်ပေးပါသည်။ "အရေးပါသော" ဟုဆိုလိုရခြင်းမှာ ကွန်ပျူတာကို တစ်နာရီ တောက်လျှောက်/နီးပါး သို့မဟုတ် တစ်နာရီထက်ပို၍ လုပ်ဆောင်သောကြောင့်ဖြစ်သည်။ ဆောင်ရွက်မှုများကို အကဲဖြတ်မှုရလဒ်အရ လိုအပ်သလို ဆောင်ရွက်သွားမည်ဖြစ်သည်။

## ပညာရေးဆိုင်ရာလေ့လာရေးခရီး

ကျောင်းပြင်ပ ခရီးစဉ်များအားလုံးကို အန္တရာယ် အကဲဖြတ်မှု စစ်ဆေးခြင်း ပြုလုပ်ပါမည်။ ကျောင်းပညာရေး ဆိုင်ရာလေ့လာရေးနှင့်ပတ်သတ်သည့် သတင်းအချက်အလက် စာအုပ်ငယ်တွင် အသေးစိတ် လုပ်ထုံးလုပ်နည်းများကို ဝန်ထမ်းများနှင့် ကျောင်းသားများအားလုံး လိုက်နာဆောင်ရွက်သွား

မည်ဖြစ်ပါသည်။

## လျှပ်စစ်ပစ္စည်းများ

- ကျောင်းရှိ သယ်ရလွယ်ကူသော လျှပ်စစ်ပစ္စည်းများကို အရည်အချင်းပြည့်မီသော လျှပ်စစ်ကျွမ်းကျင်သူ များမှ လာရောက်ကာ ပုံမှန်စစ်ဆေးမှုများကို ပြုလုပ်ပေးပါသည်။
- ဝန်ထမ်းများအားလုံးသည် လျှပ်စစ်ပစ္စည်းများကို သတိရှိစွာနှင့် ဘေးကင်းစွာ သေချာ ကိုင်တွယ် အသုံးပြုရန် တာဝန်ရှိပါသည်။
- မည်သည့် ကျောင်းသား သို့မဟုတ် ဧည့်သည်မှ လျှပ်စစ်ပစ္စည်းများကို ကိုင်တွယ်မည်ဆိုပါက ဝန်ထမ်းတစ်ဦးဦး၏ ကြီးကြပ်မှုအောက်တွင် လုပ်ဆောင်နိုင်မည်ဖြစ်သည်။
- အမြဲတမ်းတပ်ဆင်ထားသော လျှပ်စစ်ပစ္စည်းများကို သီးခြား isolator ခလုတ်မှတစ်ဆင့် လုံလောက်စွာ မြေစိုက်ကြိုးချကာ ဆက်သွယ်ထားရန် လိုအပ်ပါသည်။
- Isolator ခလုတ်အားလုံးကို ၎င်းတို့၏သက်ဆိုင်ရာစက်များနှင့် ခွဲခြားသတ်မှတ်နိုင်ရန် ရှင်းလင်းစွာ အမှတ်အသားပြုထားသည်။
- လျှပ်စစ်ယန္တရားများနှင့် ချိတ်ဆက်မှုများကို စိုသောလက်ဖြင့်ကိုင်တွယ်ခြင်း မပြုလုပ်ပါရန်နှင့် လက်ခြောက်သွေ့သောအနေအထားဖြင့်သာ ကိုင်တွယ်ရမည်ဖြစ်သည်။
- အမြဲတမ်းတပ်ဆင်ထားသော သို့မဟုတ် သယ်ရလွယ်ကူသော လျှပ်စစ်ပစ္စည်းနှင့်ဆက်စပ်သည့် ပြုပြင်ထိန်းသိမ်းမှု၊ ပြင်ဆင်မှု၊ တပ်ဆင်မှု နှင့် လျှပ်စစ်ပြတ်တောက်မှု စသည်တို့ကို ကျွမ်းကျင်သူမှ လုပ်ဆောင်ပါသည်။

## မီးဘေးလုံခြုံရေးနှင့် အဆောက်အဦးဘေးကင်းရေး

အရေးပေါ်ထွက်ပေါက်များ၊ စုဝေးရာနေရာများနှင့် ထိုနေရာများသို့ လမ်းညွှန်ချက်များကို စာသင်ခန်းတစ်ခုစီ တွင် ဘေးကင်းရေးဆိုင်းဘုတ်နှင့်သတိပေးချက်များအဖြစ် ရှင်းလင်းစွာဖော်ပြထားသည်။

ကျောင်းအုပ်ကြီးသည် မီးဘေးကာကွယ်ရေးကြိုတင်ပြင်ဆင်လေ့ကျင့်မှုကို စာသင်ကာလအပိုင်းအခြား တစ်ခုတွင် တစ်ကြိမ်လေ့ကျင့်ကာ မှတ်တမ်းတင်လေ့ရှိသည်။

ကျောင်းတွင်ပွဲများကို လက်ခံကျင်းပသည့်အခါတွင် လာရောက်လည်ပတ်သည့်အဖွဲ့များနှင့် တစ်ဦးချင်းစီအား ရွှေ့ပြောင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို မျှဝေကာရှင်းပြပေးပါသည်။

မီးဘေးကာကွယ်ရေးကြိုတင်ပြင်ဆင်လေ့ကျင့်ချိန်တွင် ဖြစ်ပေါ်လာသည့် ပြဿနာများကို ဒါရိုက်တာဘုတ်အဖွဲ့ ထံသို့အစီရင်ခံရမည်ဖြစ်သည်။

မီးသတ်ဆေးဘူးများကို နှစ်စဉ်နှစ်တိုင်း စစ်ဆေး ပါသည်။

မီးဘေးအန္တရာယ်ဆိုင်ရာအကဲဖြတ်ခြင်းကို ပုံမှန်တာဝန်ယူစစ်ဆေးမည်ဖြစ်ပါသည်။

မီးအချက်ပေးသံစမ်းသပ်မှုကို တစ်ပတ်လျှင်တစ်ကြိမ် လုပ်ဆောင်မည်ဖြစ်သည်။

မီးဘေးလုံခြုံရေး လေ့ကျင့်မှုကို နှစ်စဉ် မြို့နယ် မီးသတ်ဌာနနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

ဝန်ထမ်းအသစ်များကို မီးဘေးလုံခြုံရေး သင်တန်းပေးမည်ဖြစ်ပြီး၊ ဝန်ထမ်းများ နှင့် ကျောင်းသားကျောင်းသူများအားလုံးကို မီးဘေးအန္တရာယ် အချက်အလက်သစ်များအကြောင်းကို အသိပေးမည်ဖြစ်သည်။

မီးဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို "**အရေးပေါ်အခြေအနေများအတွက် မူဝါဒ နှင့် လုပ်ထုံးလုပ်နည်းများ**" မူဝါဒစာအုပ်တွင် တွေ့ရှိနိုင်ပါသည်။

## ရှေးဦးသူနာပြုခြင်းဆိုင်ရာထောက်ပံ့မှုများ

ကျောင်းတွင် လိုအပ်သော ရှေးဦးသူနာပြုအရေးအတွက်နှင့် ဆေးသေတ္တာများ၏ တည်နေရာ/ အရေအတွက်ကို သိရှိနိုင်စေရန် ရှေးဦးသူနာပြုစုခြင်းနှင့်ဆိုင်သော အန္တရာယ်ဆိုင်ရာအကဲဖြတ်ခြင်းကို ဆောင်ရွက်ခဲ့သည်။
အချိန်မရွေးလုံလောက်သော ရှေးဦးပြုစုသူများကို ရရှိနိုင်စေရန် ဝန်ထမ်းများအား သင့်လျော်သော လေ့ကျင့်မှုများကို ဆောင်ရွက်သင်ကြားပေးခဲ့သည်။
ပညာရေးဆိုင်ရာ ခရီးစဉ်များတွင် သယ်ရလွယ်ကူသော ရှေးဦးသူနာပြုသေတ္တာများကို ယူဆောင်သွားလေ့ရှိသည်။
ကျောင်းခရီးစဉ်အားလုံးတွင် ဖြစ်နိုင်လျှင် ကျွမ်းကျင်သောရှေးဦးသူနာပြုစုနိုင်သူတစ်ဦး ပါရှိမည်ဖြစ်သည်။

## ဓာတ်ငွေ့သုံးပစ္စည်းများ

ဓါတ်ငွေ့သုံးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများတပ်ဆင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် သက်ဆိုင်သည့် လုပ်ငန်းများကို လေ့ကျင့်သင်ကြားပေးထားသူမှ ဆောင်ရွက်မည်ဖြစ်ပါသည်။
ဓာတ်ငွေ့ပိုက်လိုင်းများ၊ စက်ပစ္စည်းများနှင့် မီးချောင်းများကို ပုံမှန်ပြုပြင်ထိန်းသိမ်းထားပါမည်။
ဓာတ်ငွေ့သုံး ကိရိယာများ ပါရှိသည့် နေရာများ အားလုံးတွင် လေဝင်လေထွက် ကောင်းမွန်မှု ရှိ/မရှိ စစ်ဆေးပါမည်။

## ရောဂါကူးစက်မှုကို ကာကွယ်ထိန်းချုပ်ခြင်း

ဝန်ထမ်းများနှင့် ကျောင်းသားများအား အောက်ဖော်ပြပါ တစ်ကိုယ်ရည်သန့်ရှင်းရေး အလေ့အကျင့်ကောင်းများကို လိုက်နာကျင့်သုံးရန် တိုက်တွန်းပါသည်။

- လက်ကို ဆပ်ပြာရည်၊ နွေးသောရေဖြင့် ဆေးကာ လက်သုတ်စက္ကူဖြင့် ခြောက်သွေ့အောင် ပြုလုပ်ပါ။
- အိမ်သာအသုံးပြုပြီးနောက်၊ အစားမစားမီ သို့မဟုတ် အစားအစာကိုမကိုင်တွယ်မီနှင့် တိရိစ္ဆာန်များကို ကိုင်တွယ်ပြီးနောက် လက်ကိုအမြဲဆေးကြောပါ။
- ဒဏ်ရာများနှင့် ပွန်းပဲ့မှုအားလုံးကို ရေစိုခံပတ်တီးဖြင့် ဖုံးအုပ်ကာကွယ်ပါ။
- ချောင်းဆိုး၊ နှာချေသောအခါ တစ်ရှူးကိုအသုံးပြုပြီး ပါးစပ်နှင့် နှာခေါင်းကို ဖုံးအုပ်ပါ။

- တစ်ရှူးများကို အသုံးပြုပြီး သို့မဟုတ် စွန့်ပစ်ပြီးနောက် လက်ကို ဆေးကြောပါ။
- ကျောင်းအတွင်းတွင် တံတွေးမထွေးရ။
- သွေး/ကိုယ်တွင်းမှအရည်များ ဖိတ်စင်ခြင်း သို့မဟုတ် ညစ်ညမ်းခြင်းကဲ့သို့သော ကူးစက်နိုင်မှုများ အတွက် တစ်ခါသုံးလက်အိတ် သို့မဟုတ် တစ်ခါသုံးပလပ်စတစ်ရှေ့ဖုံးခါးစည်းကို ဝတ်ဆင်ပါ။
- မျက်နှာသို့ဖိတ်စင်နိုင်သောကြောင့် အကာအကွယ်အဖြစ် မျက်မှန်ကိုဝတ်ဆင်ပါ။
- သန့်ရှင်းရေးအတွက်သုံးသည့် ဓာတုပစ္စည်းများကိုကိုင်တွယ်ရာတွင် သင့်တော်သောတစ်ကိုယ်ရည် အကာအကွယ်ပစ္စည်းကို အသုံးပြုပါ။
- ပတ်ဝန်းကျင်ကို စေ့စပ်သေချာစွာ မကြာခဏသန့်ရှင်းရေးပြုလုပ်ပါ။
- သွေး၊ မစင်၊ တံတွေး၊ အန်ဖတ်၊ နှာရည် နှင့် မျက်လုံးမှ ဖိတ်စင်လာသည့် အညစ်အကြေးများကို ချက်ချင်းသန့်ရှင်းရေးပြုလုပ်ကာ တစ်ကိုယ်ရည်ကာကွယ်သည့်ပစ္စည်းများကို ဝတ်ဆင်ပါ။
- ဖိတ်စင်မှု ဖြစ်ပွားချိန်တွင် ဆပ်ပြာနှင့် ပိုးသတ်ဆေးရောစပ်ထားသောအရည်ကို အသုံးပြုပြီး သန့်ရှင်းရေးကိုပြုလုပ်ပါ။ ၎င်းကိုထုတ်လုပ်သူ၏ညွှန်ကြားချက်အတိုင်းအသုံးပြုပါ။ ၎င်းသည် ဘတ်တီးရီးယားနှင့် ရောဂါပိုးမွှားများကို ထိရောက်စွာ တိုက်ဖျက်နိုင်ကြောင်းနှင့် ရောဂါကူးစက်နိုင်သောနေရာတွင်အသုံးပြုရန် သင့်တော်ကြောင်း သေချာပါစေ။
- သွေးနှင့် ခန္ဓာကိုယ်တွင်းရှိအရည်များဖိတ်စင်မှုအတွက်သန့်ရှင်းရေးလုပ်ရာတွင် ကြမ်းသုတ်အဝတ် ကိုအသုံးမပြုပါနှင့် _ တစ်ခါသုံးစက္ကူကိုသုံးကာ ဆေးပစ္စည်းများစွန့်ပစ်သည့် နေရာတွင် စွန့်ပစ်ပါ။
- လျှော်ရမည့်အဝတ်များကို သီးခြားနေရာတွင် လျှော်ပါ။
- မည်သည့်တိရိစ္ဆာန်ကိုမဆို မကိုင်တွယ်ခင်နှင့် ကိုင်တွယ်ပြီးပါက လက်ကိုဆေးကြောသန့်စင်ပါ။

**ကူးစက်ရောဂါများအတွက် ချန်လှပ်ထားသော ကာလများ**

ကူးစက်ရောဂါ/ကပ်ရောဂါ ဖြစ်ပွားသည့်ကာလတွင် သင့်လျော်သော အရေးယူဆောင်ရွက်မှုနှင့်ပတ်သက် သည့် ကျွမ်းကျင်သူမှဖော်ပြသည့် ဆေးဘက်ဆိုင်ရာအကြံဉာဏ်များကို လိုက်နာဆောင်ရွက်မည်ဖြစ်သည်။ ကလေးတစ်ဦးတွင် ရောဂါကူးစက်ခံရသည်ဟု သံသယရှိပါက ရောဂါကိုသိရသည်နှင့် ကျောင်းကိုဆက်သွယ် ကာ အသိပေးရမည်ဖြစ်ပြီး ရောဂါပိုးကူးစက်ခံရနိုင်ချေနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ဝန်ထမ်းများ၊ ကျောင်းသားများနှင့် မိဘများထံ အသိပေးအကြောင်းကြားမည်ဖြစ်သည်။

## **ပစ္စည်းများကို လက်ဖြင့် ကိုင်တွယ်သယ်ယူခြင်း။**

ပစ္စည်းများနှင့် ပရိဘောဂများကို သယ်ဆောင်ရန် သို့မဟုတ် ရွှေ့ရန် သင့်လျော်မှုရှိ၊ မရှိ ဆုံးဖြတ်ရန်မှာ ဝန်ထမ်းတစ်ဦးချင်းစီအပေါ်တွင် မူတည်ပါသည်။ ဝန်ထမ်းသည် ပစ္စည်းတစ်ခုကိုသယ်မရာတွင် အနာတရ ဖြစ်စေနိုင်သည် သို့မဟုတ် ရှိရင်းစွဲအခြေနေကိုပိုမိုဆိုးရွားစေနိုင်သည်ဟုခံစားရပါက ၎င်းတို့သည် အခြားသူအား အကူအညီတောင်းခံရမည်ဖြစ်သည်။
ကျောင်းတွင် သင့်လျော်သော စက်ကိရိယာများနှင့် ပစ္စည်းသယ်မသည့်စက်ပစ္စည်းများကို အသုံးပြုနိုင်ပြီး လိုအပ်ပါက ဝန်ထမ်းများအား အသုံးပြုနိုင်ရန်အတွက် ၎င်းတို့ကိုအသုံးပြုပုံများကို လေ့ကျင့်သင်ကြား ပေးထားပြီးဖြစ်သည်။
Operationပိုင်းမှ ဝန်ထမ်းအားလုံးသည် လက်ဖြင့်သယ်ယူကိုင်တွယ်ခြင်းဆိုင်ရာ လေ့ကျင့်သင်ကြားမှု

များကို ပုံမှန်ရရှိနိုင်မည်ဖြစ်သည်။
ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူတို့သည် ပစ္စည်းများကိုလက်ဖြင့်သယ်ယူရာတွင် အောက်ဖော်ပြပါအခြေခံ နည်းလမ်းများကို ပြုလုပ်ရန်လိုအပ်ပါသည်။

- သယ်ဆောင်ရမည့်ပမာဏကိုသတ်မှတ်ကာ ပင့်စက်ကိုပြင်ဆင်ပါ။
- အဆင်မပြေပါက သို့မဟုတ် လေးလံပါက တွန်းလှည်းကဲ့သို့သော စက်ကိရိယာကို အသုံးပြုပါ၊ သို့မဟုတ် အခြားသူတစ်ဦးကို အကူအညီတောင်းပါ။
- အတားအဆီးကင်းရှင်းပြီး ညီညာပြန့်ပြူးသည့် လမ်းကြောင်းမှ ပစ္စည်းများကို သယ်ယူပါ။
- ဝန်ကိုစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာသည် ရှင်းလင်းကြောင်းသေချာပါစေ။
- ပစ္စည်းကို သယ်မချိန်တွင် ဒူးကိုကွေးကာ နောက်ကျောကိုဖြောင့်တန်းအောင်ထားပြီး ခြေနှစ်ဖက်ကို ခွာလျှက် စောင်းထားပါ။
- သယ်မထားသည့်ဝန်ကို ကိုယ်ခန္ဓာနှင့်ကပ်ကာ ခိုင်မြဲစွာကိုင်ဆောင်ထားကြောင်းသေချာပါစေ။ဝန်ကို ဖြည်းဖြည်းနှင့် ညင်သာစွာ ပင့်မပါ။ သယ်ဆောင်ရာတွင် လက်လိမ်ခြင်း၊ ဆန့်ထုတ်ခြင်းများကို ရှောင်ကြဉ်ပါ။

## ကိုယ်ဝန်ဆောင်မိခင်လောင်းများ

ဝန်ထမ်း သို့မဟုတ် ကျောင်းသားတစ်ဦးဦးတွင် ကိုယ်ဝန်ရှိနေကြောင်းသိရပါက ကျောင်းသို့အကြောင်းကြား ရမည်ဖြစ်ပြီး ၎င်းနှင့်ပတ်သက်သည့် အန္တရာယ်ဆိုင်ရာ အကဲဖြတ်ခြင်းကို လုပ်ဆောင်မည်ဖြစ်သည်။ ဘေးအန္တရာယ်နှင့်ပတ်သက်ပြီး ဖော်ထုတ်ထိန်းချုပ်နိုင်မည့် သင့်လျော်သောဆောင်ရွက်မှုများကို လုပ်ဆောင် သွားမည်ဖြစ်သည်။

## လုပ်ငန်းခွင်အတွင်း စိတ်ဖိစီးခြင်း

ကျွန်ုပ်တို့သည် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ပျော်ရွှင်ရေးကို မြှင့်တင်ပေးရန် အာမခံကာ လုပ်ငန်းခွင်အတွင်း ရရှိနိုင်သော စိတ်ဖိစီးမှုကို သိမြင်ပြီး လျှော့ချနိုင်ရန် အရေးကြီးကြောင်း လက်ခံထားသည်။
ဝန်ထမ်းတစ်ဦးချင်းစီ၏ စိုးရိမ်ပူပန်မှုများနှင့်၎င်းတို့၏လုပ်ငန်းဆောင်တာများကို စောင့်ကြည့်ကာ တုံ့ပြန်ရန်အတွက် ကျောင်းတွင် စီမံခန့်ခွဲမှုစနစ်များ ထားရှိပေးပါသည်။

## ကစားကွင်းရှိ ပစ္စည်းကိရိယာများ

ကစားကွင်းသုံးပစ္စည်းများနှင့် ၎င်းတို့အားအသုံးပြုမှုများကို ကျောင်းချိန်အတွင်းရှိ အားလပ်ချိန်များတွင် တာဝန်ကျဆရာတစ်ဦးမှ ကြီးကြပ်ကာ စောင့်ကြည့်ပေးပါသည်။ ထိုပစ္စည်းများကို အတန်းချိန်အတွင်းအသုံးပြုပါက ကြီးကြပ်သူမှ ပြန်လည် ကြီးကြပ်စောင့်ကြည့်မည်ဖြစ်သည်။ ဆိုးရွားသော ရာသီဥတုကြောင့် သတ်မှတ်ရက်များတွင် ပစ္စည်းကိရိယာ အသုံးပြုရန် မလုံခြုံပါက အသုံးပြုရန်သင့်၊မသင့် ဆုံးဖြတ်ချက် ချမှတ်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် အတည်ပြုခြင်းများဆောင်ရွက်မည်။
ကလေးကစားကွင်းရှိ ပစ္စည်းများအား နေ့တိုင်းစစ်ဆေးကာ ကျောင်းသား သို့မဟုတ် လူကြီးများအတွက် အန္တရာယ်ရှိလာပါက အရေးယူဆောင်ရွက်ရမည်ဖြစ်သည်။

## ခြေချော်ခြင်း၊ ခလုတ်တိုက်ခြင်းနှင့် ပြုတ်ကျခြင်း

ကျောင်းတွင် ခြေချော်ခြင်း၊ ခလုတ်တိုက်ခြင်းနှင့် ပြုတ်ကျခြင်းများနှင့်ပတ်သက်သည့် ဖြစ်နိုင်ချေများအတွက် အန္တရာယ်ဆိုင်ရာ အကဲဖြတ်မှုများပြုလုပ်ပြီး သင့်လျော်သော ပြင်ဆင်ထိန်းသိမ်းမှုများကို လုပ်ဆောင်ထားပါသည်။ ၎င်းတွင် ကြမ်းပြင်များကိုသုတ်ခြင်း၊ ဝင်ပေါက်များတွင် ရေစုတ်ယူနိုင်သောကြမ်းခင်းများထားရှိခြင်း နှင့် အန္တရာယ်မရှိစေရန် ပုံမှန်စစ်ဆေးခြင်းများ စသည့် လုပ်ငန်းဆောင်တာများပါဝင်သည်။

## ဆေးလိပ်သောက်ခြင်း

ကျောင်းဝင်းအတွင်းရှိ မည်သည့်နေရာတွင်မဆို ဆေးလိပ်သောက်ခြင်းနှင့် ကွမ်းစားခြင်းကို ခွင့်မပြုပါ။

## ကျောင်းသားများအား ကြီးကြပ်မှု

ဝန်ထမ်းများအားလုံးသည် ကျောင်းသားများအား ဆင်ခြင်တုံတရားနှင့် ဘေးကင်းလုံခြုံသော အပြုအမူများကို ကျင့်သုံးရန် တိုက်တွန်းနှိုးဆော်ပေးသွားမည်။
ကျောင်းသားများ၏ အန္တရာယ်ရှိသည့် အပြုအမူများကို ကျောင်း၏ သင်ကြားရေးဆိုင်ရာ အပြုအမူ မူဝါဒနှင့်အညီ ကိုင်တွယ်ဖြေရှင်းသွားမည်ဖြစ်ပါသည်။
Year 11 အထိ ကျောင်းသားများသည် လူကြီးများ၏ ကြီးကြပ်မှုအောက်တွင်သာ စာသင်ခန်းများသို့ ဝင်ရောက်ခွင့်ရှိသည်။
အလုပ်ရှုပ်ချိန်တွင် အိမ်သာများကို သင့်လျော်သော ကြီးကြပ်မှုထားရှိပါမည်။

## လေ့ကျင့်မှုသင်တန်း

ဝန်ထမ်းတစ်ဦးချင်းစီ၏ ကျန်းမာရေးနှင့် ဘေးကင်းရေးဆိုင်ရာ လေ့ကျင့်မှုသင်တန်းနှင့်ပတ်သက်သည့် လိုအပ်ချက်များကို နှစ်စဉ်ပြန်လည်ဆန်းစစ်မှုတစ်စိတ်တစ်ပိုင်းအနေဖြင့် အကဲဖြတ်သတ်မှတ်ပါသည်။ လေ့ကျင့်မှုဆိုင်ရာ လိုအပ်ချက်များကို အန္တရာယ်အကဲဖြတ်လုပ်ငန်းစဉ်၏ ကဏ္ဍတစ်ခုအဖြစ် ဖော်ပြနိုင်သည်။ လိုအပ်သလို ဝန်ထမ်းအားလုံးကို ကျန်းမာရေးနှင့် လုံခြုံရေးသင်တန်းပေးမည်။

## လုပ်ငန်းခွင်အတွင်း အကြမ်းဖက်ခြင်း

ကျောင်းရှိဝန်ထမ်းများသည် လုပ်ငန်းခွင်အတွင်း မည်သည့်အန္တရာယ်မှ တွေ့ကြုံရမည်မဟုတ်ဟုယုံကြည်ကာ ကျွန်ုပ်တို့၏ ဝန်ထမ်းများနှင့် ကျောင်းသားများအပေါ်သို့ အကြမ်းဖက်မှု သို့မဟုတ် ခြိမ်းခြောက်သည့်အပြုအမူများကို လက်သင့်ခံမည်မဟုတ်ပါ။
ဝန်ထမ်းအားလုံးသည် ၎င်းတို့ သို့မဟုတ် အခြားသူများထံသို့ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှု (ဖြစ်လုနီးပါး)ကိစ္စ တစ်စုံတစ်ရာရှိပါက ၎င်းတို့၏ သက်ဆိုင်ရာ လိုင်းမန်နေဂျာအားချက်ချင်း အကြောင်းကြားရမည်။ ဤသည်မှာ ကျောင်းသားများ၊ ဧည့်သည်များနှင့် အခြားဝန်ထမ်းများထံမှ အကြမ်းဖက်မှုများကိုဆိုလိုခြင်းဖြစ်သည်။

## အမြင့်တွင် အလုပ်လုပ်ခြင်း

လုပ်ငန်းဆောင်ရွက်ရေးအမှုဆောင်သည် အမြင့်တက်ရာတွင်အသုံးပြုသည့် လှေကားများကို ပုံမှန်စစ်ဆေးကာ ထိန်းသိမ်းရပါသည်။
ကျောင်းသားများအား လှေကားအသုံးပြုခြင်းကို တားမြစ်ထားပါသည်။
ဝန်ထမ်းများသည် လှေကားအသုံးပြုချိန်တွင် သင့်လျော်သော ဖိနပ်၊ အဝတ်အထည်နှင့် ဘေးကင်းရေး ပစ္စည်း များကို ဝတ်ဆင်ရမည်ဖြစ်သည်။
ကန်ထရိုက်တာများသည် အမြင့်တက်ရန်အတွက် ၎င်းတို့၏ကိုယ်ပိုင်လှေကားများကို အသုံးပြုရန် ယူဆောင်လာရပါမည်။
လှေကားအသုံးမပြုခင်တွင် ဝန်ထမ်းများသည် ဘေးကင်းစေရန်အတွက် လှေကားကိုကြိုတင်စစ်ဆေးမှုများ ပြုလုပ်ရန် လိုအပ်ပါသည်။
ခေါင်မိုးကဲ့သို့သော အမြင့်သို့တက်ရာတွင် သင့်တော်သော ဘေးကင်းရေးပစ္စည်းဝတ်ဆင်ထားသော ကျွမ်းကျင်သည့်ဝန်ထမ်းကိုသာ တက်ခွင့်ပေးမည်ဖြစ်သည်။
ပြုပြင်ထိန်းသိမ်းသည့်ဝန်ထမ်းများအား အမြင့်တွင်အလုပ်လုပ်ခြင်းနှင့်ပတ်သက်သည့် လေ့ကျင့်မှုများကို စီစဉ်ပေးမည်ဖြစ်သည်။

ချိတ်ဆက်ထားသည့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများမှာအောက်ပါအတိုင်းဖြစ်သည်။

- ကျန်းမာရေးနှင့် လုံခြုံရေး မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ – ကန်တင်း
- သိပ္ပံလေ့လာရေးခန်းများအတွက် ကျန်းမာရေးနှင့် လုံခြုံရေး လုပ်ထုံးလုပ်နည်းများ
- ပညာရေးခရီးစဉ်များအတွက် သတင်းအချက်အလက်
- အရေးပေါ်အခြေအနေများအတွက် မူဝါဒ နှင့် လုပ်ထုံးလုပ်နည်းများ
- ကျောင်းသားများနှင့် မိဘများအတွက် လက်စွဲစာအုပ်
- ကျန်းမာရေးစောင့်ရှောက်မှုမူဝါဒ